# ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီဥက္ကဋ္ဌ
# ဒေါက်တာမျိုးထွန်း
# ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း သည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အဦ ရေးရာဆောင် (I-13) ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများက ဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်း စီမံချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်၊ ပယ်ဖျက်၊ ရုတ်သိမ်း၊ အသစ် ပြန်လည်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ခရိုင်၊ မြို့နယ် အသီးသီး၌ စာကြည့်တိုက်ဝန်ဆောင်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက်ဥပဒေ နှင့်ပတ်သက်သည့်ကိစ္စရပ်များအား ရှင်းလင်းတင်ပြဆွေးနွေးပြီး ကော်မတီအဖွဲ့ဝင်များက ရင်းနှီး ပွင့်လင်းစွာ ပြန်လည် ဖြည့်စွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။